# အမြင်ကျယ်သော စဉ်းစားတွေးခေါ်ခြင်းကို ပြုစုပျိုးထောင်ပါ

"အောင်မြင်မှု နှင့် ပတ်သက်လာလျှင် လူတို့ကို လက်မများဖြင့်သော်လည်းကောင်း ပေါင်များဖြင့်သော်လည်းကောင်း တက္ကသိုလ်ဘွဲ့များ သို့မဟုတ် မိသားစုကျောထောက်နောက်ခံများဖြင့်သော် လည်းကောင်း တိုင်းတာလေ့မရှိကြပါ။ သူတို့၏ စဉ်းစားတွေးခေါ်မှု အရွယ်အစား နှင့်သာ တိုင်းတာပါတယ်" ဟု နာမည်ကျော် ဂီတစာဆို David Schwartz ကပြောခဲ့ဖူးပါသည်။

အမြင်ကျယ်သော စဉ်းစားတွေးခေါ်ခြင်းသည် မည်သည့်လုပ်ငန်း၊ မည်သည့်ပုဂ္ဂိုလ်ကိုမဆို အကျိုးပြုနိုင်ပါသည်။ GE ကုမ္ပဏီမှ CEO Jack Welch ကဲ့သို့သော ပုဂ္ဂိုလ်က သူ့လက်အောက်ဝန်ထမ်းတစ်ယောက်ကို ထုတ်ကုန်ပစ္စည်းတစ်ခုကို ရောင်းချရခြင်းထက် ဖောက်သည်နှင့် ကောင်းမွန်သော ဆက်ဆံရေးဆက်လက်တည်ရှိနေခြင်းက ပို၍အရေးကြီးသည်ဟု ပြောသောစကားသည်အမြင်ကျယ်ရန် သတိပေးခြင်းဖြစ်သည်မှာ ထင်ရှားပါသည်။ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရှင် Donald Trump ကလည်းဆိုခဲ့သည်။ "သင်သည်ဘယ်လိုပဲဖြစ်ဖြစ် စဉ်းစားရမယ့်အတူတူ အမြင်ကျယ်ကျယ်နဲ့ ဘာကြောင့်မစဉ်းစားနိုင်ရမှာလဲ" ဟူ၏။ အမြင်ကျယ်သော စဉ်းစားတွေးခေါ်ခြင်းသည် လူတစ်ယောက်၏ စဉ်းစားတွေးခေါ်မှုကို အလုံးစုံလွှမ်းခြုံမှုရှိစေခြင်းနှင့်ရင့်ကျက်စေခြင်းတို့ကို ဖြစ်စေပါသည်။ ရှုမြင်သောဘောင်ကို ပိုမိုကြီးမားစေသဖြင့် ကျယ်ပြန့်သော ရှုထောင့်ကိုဖြစ်စေပါသည်။ စဉ်းစားတွေးခေါ်ခြင်းလုပ်ငန်းစဉ်သည် သင်၏လက်တွေ့မျက်တွေ့ဖြစ်သောအစိတ်အပိုင်းကိုသာမကသင့်မှာအစွမ်းရှိသလောက်ကျယ်ပြန့်နိုင်သမျှကျယ်ပြန့်အောင် ဆန့်ထုတ်စဉ်းစားနိုင်စွမ်းရှိစေရပါမည်။

အကယ်၍ သင်သည် အမြင်ကျယ်သော တွေးခေါ်ရှင်များနှင့်အတူ အချိန်ပေး၍ စကားပြောဆိုဆွေးနွေးခဲ့သည်ဆိုလျှင် အဆိုပါပုဂ္ဂိုလ်များ၏ စဉ်းစားပုံစဉ်းစားနည်းကို အောက်ပါအတိုင်း တွေ့ရမည်ဖြစ်ပါသည်–

**အဆက်မပြတ်သင်ယူမှုရှိခြင်း။** အမြင်ကျယ်သောတွေးခေါ်သူများသည်သူတို့၏တတ်သိနားလည်မှုများအပေါ် မည်သည့်အခါမျှ ကျေနပ်အားရခြင်းမရှိကြပါ။ သူတို့သည် နေရာအသစ်များသို့ အမြဲသွားရောက်ကြသည်၊ စာအုပ်အသစ်များကိုဖတ်ကြသည်၊ လူသစ်များနှင့်တွေ့ဆုံကြသည်၊ အတတ်ပညာအသစ်များကိုသင်ယူကြသည်။ ဤအလေ့အထများကြောင့်ပင် သူတို့သည် အဆက်အစပ်မရှိသော အရာများကိုဆက်စပ်နိုင်စွမ်းရှိလာကြသည်။သူတို့သည် ရာသက်ပန်သင်ယူလေ့လာနေကြသူများလည်းဖြစ်ကြသည်။

သင်ယူလေ့လာသူတစ်ဦး၏ ခံယူချက်အတိုင်း စာရေးဆရာ John C. Maxwell သည် သူ့အတွက် သင်ယူနိုင်မှုအခွင့်အရေးကို နေ့စဉ်နံနက်တိုင်းတွင်အချိန်အနည်းငယ်ပေး၍ စဉ်းစားလေ့ရှိသည်။ လုပ်ငန်းပြက္ခဒိန်နှင့် လုပ်ဆောင်ရန် အလုပ်ဇယားကို ပြန်လည်စစ်ဆေးခြင်းဖြင့် ထိုနေ့တွင် မည်သူနှင့်တွေ့ရမည်၊ ဘယ်စာအုပ်ကိုဖတ်ရှုရမည်၊ ဘယ်အစည်းအဝေး တက်ရမည်ကို သိရှိနိုင်ပြီးထိုမှတဆင့် ဘယ်နေရာမှာ သူအများဆုံးသင်ယူနိုင်မလဲဆိုသည်ကို မှတ်သားထားလေ့ရှိသည်။ထို့နောက်ဖြစ်ပေါ်လာသောအခြေအနေမှ မိမိအတွက် တိုးတက်မှုရရှိစေမည့် အကြောင်းအရာများကို အလေးအနက် ထားနိုင် ရန် မိမိကိုယ်မိမိ စိတ်ခါတ်ရေးရာအရ အသင့်ပြင်ဆင်ပါသည်။ အကယ်၍ သင်လည်း ဆက်လက်သင်ယူလေ့လာရန် ဆန္ဒ

ရှိမည်ဆိုလျှင်သင်၏နေ့စဉ်လုပ်ဆောင်မည့် အလုပ်များအားကြိုတင်စစ်ဆေးပြီး သင်ယူနိုင်မှုအခွင့်အရေးအတွက်ရှာဖွေသင့်ကြောင်းတိုက်တွန်းလိုပါသည်။

**လိုလိုလားလားနားထောင်ခြင်း**။ သင်၏ အတွေ့အကြုံများကို ပိုမိုကျယ်ပြန့်စေရန် အတွက် အကောင်းဆုံး နည်းလမ်းတစ်ခုမှာ သင်ကိုယ်တိုင်နှံ့စပ်မှုမရှိသေးသော အကြောင်းအရာတစ်ခုကို အထူးကျွမ်းကျင်သော ပုဂ္ဂိုလ်တစ်ယောက်က ပြောကြားသည့်စကားအား နားထောင်ခြင်းဖြစ်သည်။ စာရေးဆရာ John C-Maxwell ကိုယ်တိုင် ဤကဲ့သို့သော အခွင့်အရေးကို အမြဲရှာဖွေခဲ့ပါသည်။ တစ်နှစ်က John သည် Senior Bowl ကွင်းကြီး၌ တက္ကသိုလ်ပေါင်းစုံ အမေရိကန် ဘောလုံးပြိုင်ပွဲ နောက်ဆုံးပွဲသို့ တက်ရောက်လာကြသော အားကစားနည်းပြ ၉၀၀ ယောက်ခန့်နှင့် ရှေ့ဆောင်အားကစားသမားများကို စကားပြောကြားခွင့်ရခဲ့ပါသည်။ ထို့အပြင် John သည် သူ့သားမက် Steve Miller နှင့်အတူ ညစာစားပွဲ တက်ရောက်ခဲ့ပါသည်။ NFL အသင်းကြီး၏ ထိပ်တန်းနည်းပြဆရာများဖြစ်ကြသော Dave Wannstedt နှင့် Butch Davis တို့ကိုစကားပြောခွင့်ရခဲ့သည်။ ဤအခွင့်အရေးသည် တော်ရုံတန်ရုံရနိုင်သော အခွင့်အရေးမဟုတ်သောကြောင့် Maxwell သည်သူတို့၏အဖွဲ့စနစ်နှင့် ပတ်သက်သော မေးခွန်းပေါင်းများစွာကို မေးခဲ့သည်။ သူတို့ပြောသမျှကိုလည်း အချိန်ပေးပြီး နားထောင်ခဲ့သည်။ ညစာစားပွဲပြီး၍ အိမ်ပြန်ရန် မော်တော်ကား ထားသောနေရာသို့ လမ်းလျှောက်လာခဲ့ရာတွင် Steve က ဆို၏။ " John ဒီနေ့ညဟိုနည်းပြနှစ်ယောက်ကို မေးတဲ့မေးခွန်းပေါင်းက တစ်ရာလောက်ရှိမယ်ထင်တယ်"။

" အေး လူတစ်ယောက်ဟာ ဆက်လက်သင်ယူချင်တယ် ကြီးပွားတိုးတက်ချင်တယ်ဆိုရင်ဘယ်လိုမေးခွန်းတွေကိုမေးရမယ် ဆိုတာသိရမယ့်အပြင်အခြားလူတွေရဲ့အဖြေများကို မိမိဘဝမှာ ဘယ်လိုအသုံးချရမယ်ဆိုတာကိုလည်းသိရမယ်။ နားထောင်ခြင်းက ပြောဆိုခြင်းထက် အများကြီးပိုမိုသင်ယူနိုင်တယ်"ဟု Maxwell က ပြန်ပြောခဲ့ပါသည်။

သင်လည်း လူအများနှင့်တွေ့သည့်အခါ သူတို့ထံမှ သင်ယူမည့်အစီအစဉ်တစ်ခု ရှိထားလျှင် ကောင်းပါသည်။ သင်မလုပ်နိုင်သော အလုပ်များကို လုပ်ခဲ့သော လူတို့နှင့် ပေါင်းသင်းခြင်းသည် အလွန်ကောင်းမွန်သော တိုးတက်ရေးနည်းလမ်းတစ်ခု ဖြစ်ပါသည်။ အမြင်ကျယ်သော တွေးခေါ်သူများသည် သူတို့မသိသေးသည်မှာ အများကြီးရှိကြောင်း သိကြသည်။ ထိုးဖောက်သော မေးခွန်းများကိုမေးခြင်းဖြင့် သူတို့၏ သိနားလည်မှုနှင့်စဉ်းစားတွေးခေါ်မှုတို့ကို ချဲ့ထွင်ပေးနိုင်ကြသည်။ အကယ်၍သင်သည် ပိုမိုကောင်းမွန်သောအမြင်ကျယ်သည့် တွေးခေါ်သူတစ်ဦးဖြစ်လိုပါက ကောင်းမွန်သော နားထောင်သူ တစ်ဦးလည်းဖြစ်နိုင်ပါစေ။

**ကျယ်ပြန့်စွာရှုမြင်ခြင်း**။ စာရေးဆရာ Henry David Thoreau က"အရာဝတ္ထုများသည် ကျွန်တော်တို့၏ မြင်ကွင်းအတွင်းမှာကျရောက်နေသော်လည်း မမြင်ရသည်မှာများပါသည်၊ အဘယ်ကြောင့်ဆိုသော် ထိုအရာဝတ္ထုများသည် ကျွန်တော်တို့၏ သိမှုနှင့် တွေးခေါ်မှုဆိုင်ရာ စွမ်းရည်အတွင်းမကျရောက်နိုင်သောကြောင့်ဖြစ်ပါသည်" ဟုရေးခဲ့ဖူးပါသည်။ လူသားတို့၏ သိမှုသဘာဝအလေ့အထအရ မိမိတို့၏ကိုယ်ပိုင်ကမ္ဘာကိုသာ ရှေးဦးစွာ မြင်တွေ့ရလေ့ရှိပါသည်။ ဥပမာ Maxwell ၏ကုမ္ပဏီ ကမကထ ပြုလုပ်သော ခေါင်းဆောင်မှု နီးနှောဖလှယ်ပွဲသို့ ကြွရောက်လာကြသော လူတို့သည် ပထမဆုံးသူတို့သိလိုကြသည်မှာ ကားကိုဘယ်မှာထိုးရမလဲ ၊ ကောင်းမွန်သော ခုံနေရာတစ်ခု ရနိုင်မလား ၊ သူတို့စကားပြောသည့်အခါ အသံချဲ့စက်က ဖွင့်ထားသလား ၊ အားလပ်ချိန်များကို လိုအပ်သလို စီစဉ်ထားသလား စသည်တို့ဖြစ်

သည်။ စာရေးသူ Maxwell ကိုယ်တိုင် ၎င်းနီးနှောဖလှယ်ပွဲသို့ ရောက်ရှိလာသောအခါ သူသိချင်သည်မှာ အလင်းရောင်ကောင်းရဲ့လား ၊ အသံစနစ်ကကောင်းစွာ အလုပ်လုပ်သလား၊ ဟောပြောစင်သည် လူတို့နှင့် နီးကပ်ရဲ့လား အစသဖြင့်သိလိုပါသည်။ သင်ဘယ်လို လူစားမျိုးလဲ ဆိုသည့်အချက်က သင်ဘာကိုရှုမြင်သလဲ၊ သင်ဘယ်လိုစဉ်းစားသလဲဆိုသည့်အချက်ကို အဆုံးအဖြတ်ပေးပါသည်။

အမြင်ကျယ်သော တွေးခေါ်သူတို့သည် ကိုယ်ပိုင်ကမ္ဘာ၏ အပြင်ဘက်တွင် အခြားကမ္ဘာတစ်ခု ရှိနေသည်ကို သတိပြုမိကြသည်။ ထို့ကြောင့် သူတို့သည် ကိုယ်ပိုင်ကမ္ဘာ၏ အပြင်သို့ ထွက်ရန်ကြိုးစားကြပြီးအခြားလူတို့၏ ကမ္ဘာများကို သူတို့၏မျက်လုံးများဖြင့်အကဲခတ်တတ်ကြသည်။ အကယ်၍ သင့်ကို ဘောင်တစ်ခုဖြင့်ကန့်ထားပါက မြင်ကွင်းအမှန်ကို အပြည့်အဝမြင်တွေ့ရန် ခက်ခဲပါသည်။ သင်သည် အခြားလူများမြင်သကဲ့သို့မြင်နိုင်ရန် ပထမဦးဆုံး သူတို့ဘယ်လိုစဉ်းစားကြသည်ကို သိရမည်။ သင်သည် ကောင်းမွန်သောနားထောင်သူဖြစ်မှသာ ဤကိစ္စအတွက် အဆင်ပြေနိုင်သည်။ ထို့ကြောင့် အမြင်ကျယ်သူဖြစ်ရန်သင်၏ပုဂ္ဂလိကအမြင်ကိုအဆုံးသတ်စေပြီး အခြားလူတို့၏ ရှုဒေါင့်ကိုမြင်တွေ့နိုင်အောင် ကြိုးစားရပါမည်။

**အပြည့်အဝ အသက်ရှင်နေထိုင်ခြင်း။** ပြင်သစ်စာရေးဆရာ Michel Eyquem de Montaigne က "လူ့ဘဝ၏ တန်ဖိုးသည် ရက်ကာလများရှည်ကြာမှုအပေါ်မှာမတည်ပါ၊ မိမိတို့ဘဝကို ဘယ်လိုအသုံးပြုခဲ့ကြသလဲဆိုသည့်အချက်အပေါ်မှာသာတည်ပါသည်။ ထို့ကြောင့် လူတစ်ယောက်သည်အသက်ရှည်ကြာစွာနေရသော်လည်း သူ့ဘဝ၏တန်ဖိုးက နည်းနည်းကလေးဖြစ်နိုင်သည်" ဟု ရေးခဲ့ပါသည်။ သင့်ဘဝ ကို သင်ကြိုက်သလိုသုံးစွဲနိုင်ပါသည်၊ သို့သော်တစ်ကြိမ်သာ သုံးစွဲနိုင်ခြင်းဖြစ်ကြောင်း စဉ်းစားကြည့်လျှင် သိနိုင်ပါသည်။ အမြင်ကျယ်သော စဉ်းစားတွေးခေါ်သူဖြစ်လာလျှင် သင်၏ဘဝသည် ပြည့်ဝခြင်း၊ စိတ်ကျေနပ်အားရခြင်း တို့ကိုရရှိနိုင်ပါသည်။ အမြင်ကျယ်သူသည် သူ၏ ကမ္ဘာကို အမြဲချဲ့ထွင်နေခြင်းဖြင့် သူ၏ အတွေ့အကြုံကိုလည်း ကျယ်ပြန့်စေနိုင်ပါသည်။ ထို့ကြောင့်လည်း အမြင်ကျဉ်းသူများထက် ပို၍ အလုပ်များကို ပြီးမြောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ ဖြစ်ပေါ်နေသော အခြေအနေတစ်ခုတွင် ပါဝင်ပတ်သက်နေသည့် အစိတ်အပိုင်းများစွာတို့ကို မြင်တွေ့လာရသောကြောင့် အမြင်ကျယ်သူတို့အတွက်မျှော်လင့်မထားသော မလိုလားအပ်သည့်ကိစ္စများ ဖြစ်ပွားမှု လျော့နည်းစေပါသည်။ ထို့ကြောင့်လည်းသူတို့သည် သာမန်အားဖြင့် အခြားလူတို့၏လုပ်ရပ်များနှင့် စဉ်းစားတွေးခေါ်မှုများ၊ ထင်မြင်ချက်များကိုပို၍စိတ်ရှည်သည်းခံနိုင်စွမ်းရှိကြခြင်းဖြစ်ပါသည်။

## အမြင်ကျယ်သောစဉ်းစားတွေးခေါ်ခြင်း ဉာဏ်ပညာကို ဘာကြောင့်လိုအပ်သလဲ

အမြင်ကျယ်သောစဉ်းစားတွေးခေါ်ခြင်း၏ အကျိုးကျေးဇူးကို သင်၏ အလိုလိုသိမြင်တတ်သော ဉာဏ်ဖြင့်သိထားပြီးဖြစ်ကောင်းဖြစ်နိုင်ပါသည်။ လူအနည်းငယ်ကသာ အမြင်ကျဉ်းမြောင်းမှုကို လိုလားမှု ရှိနိုင်သော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ မိမိကိုယ်ကိုမိမိ အမြင်ကျဉ်းအောင် တမင်ကြိုးစားအားထုတ်မှုတော့ရှိလိမ့်မည်မဟုတ်ပါ။ အကယ်၍သင်ကိုယ်တိုင်က အမြင်ကျယ်ခြင်း၏ အကျိုးကျေးဇူးကို အပြည့်အဝ ခိုင်မာစွာယုံကြည်မှုမရှိသေးလျှင် အောက်ပါအကြောင်းပြချက်များကို သုံးသပ်၍ သင်သည် ပိုမိုကောင်းမွန်သော အမြင်ကျယ်သည့် တွေးခေါ်သူတစ်ဦးဖြစ်လာစေရန် ကြိုးစားအားထုတ်သင့်ပါသည်–

**(၁) အမြင်ကျယ်သောစဉ်းစားတွေးခေါ်ခြင်းသည် သင့်ကို ခေါင်းဆောင်တစ်ယောက်ဖြစ်လာစေသည်။** များစွာသောအမြင်ကျယ်သည့် စဉ်းစားတွေးခေါ်သူများသည် ခေါင်းဆောင်မဖြစ်ကြသည်ကို သင်သတိထားမိပါလိမ့်မည်။ ထို့အပြင် အနည်းငယ်သောခေါင်းဆောင်များသည် အမြင်ကျယ်သောစဉ်းစားတွေးခေါ်သူများ မဟုတ်ကြသည်ကိုလည်း သင်သိပါလိမ့်မည်။ သို့သော်ခေါင်းဆောင်သည် နောက်လိုက်လူများအတွက် များစွာအရေးကြီးသော အောက်ပါအလုပ်များကို လုပ်ပေးနိုင်စွမ်းရှိရပါမည်–

ခေါင်းဆောင်များသည် အခြားလူများထက် စောစီးစွာရှုမြင်နိုင်သော အမြင်ရှိကြသည်။ ပိုမိုပြည့်စုံစွာရှာဖွေတွေ့ရှိနိုင်သော အမြင်လည်းရှိကြသည်။ ဤသို့ဖြစ်ခြင်းကြောင့်– ခေါင်းဆောင်များသည် ရွေးချယ်စရာများစွာကို ထည့်သွင်းစဉ်းစားပြီးမှ ဖြစ်ပေါ်နေသောအခြေအနေ၏ အတိုင်းအတာပမာဏကို သတ်မှတ်ကြသည်၊ အမြင်ကျယ်သော ခေါင်းဆောင်သည် မှန်ကန်သော အမြင်တစ်ရပ်ကိုတည်ဆောက်နိုင်ရန်အတွက် အခြေခံအုတ်မြစ်ကို ပုံဖော်ရာတွင် ဖြစ်နိုင်ချေများကိုလည်းကောင်း၊ ပြဿနာများကိုလည်းကောင်း ကြိုတင်တွေးတောကြည့်ပြီး သိမြင်နိုင်ကြသည်။ ဤလုပ်ငန်းကို ဆောင်ရွက်ပြီးပြီဆိုလျှင် သူတို့သည်– သူတို့၏လူများ(အသင်းအဖွဲ့များ)ကို အတားအဆီး အခက်အခဲများနှင့် စိန်ခေါ်မှု အလားအလာများ ရှိနေလင့်ကစား မည်သည့်နေရာသို့ ဦးတည်သွားနေကြသည်ကို ပုံကြမ်းရေးဆွဲကြည့်ကြသည်။ခေါင်းဆောင်များ၏ပန်းတိုင်သည် သူတို့၏ လူများကို ကောင်းစွာခံစားနိုင်ရန်အတွက် သက်သက်မဟုတ်ဘဲ သူတို့ကို ပိုကောင်းလာအောင်လုပ်ရန်နှင့် ခေါင်းဆောင်တို့၏ အိမ်မက်များကို ပြီးပြည့်စုံစွာအကောင်အထည်ဖော်နိုင်ရန်ဖြစ်ပါသည်။ တိကျစွာပေါ်လွင်လာသည့်မြင်ကွင်းကြောင့် ခေါင်းဆောင်များသည် မိမိတို့အတူတကွ ချီတက်နေသော ခရီးလမ်းကို ပိုမိုအဓိပ္ပါယ်ပြည့်ဝစေရန်အတွက် အတိတ်သည် အနာဂတ်နှင့် ဘယ်လိုဆက်စပ်နေသည်ကို ဖော်ထုတ်ပြသကြသည်။ ဤအချက်ကို သိရှိသောကြောင့် အတိတ်နှင့်အနာဂတ်ကို ပေါင်းကူးတံတား ထိုးပေးလိုက်သောအခါ ခေါင်းဆောင်များသည် အချိန်ကိုက်ဖြစ်သော တစ်ခဏကို လျှင်မြန်စွာဖမ်းမိဆုပ်ကိုင်လိုက်နိုင်ကြသည်။ ခေါင်းဆောင်မှုတွင် သင်ဘာလုပ်သလဲဆိုသည့်အချက်ကအရေးကြီးသကဲ့သို့ သင်ဘယ်အချိန်တွင် စတင်လှုပ်ရှားသလဲဆိုသည့်အချက်ကလည်း အရေးကြီးပါသည်။ ဗြိတိသျှနန်းရင်းဝန် Winston Churchill က " လူတစ်ယောက်ရဲ့ဘဝမှာ အထူးအရေးကြီးသော တစ်ခဏဆိုတာ အမြဲရှိတယ် ၊ ထိုတစ်ခဏအတွက် ထိုလူဟာ မွေးဖွားလာရတာဖြစ်တယ်၊ထိုတစ်ခဏကို သူသာပိုင်ပိုင်နိုင်နိုင် ဖမ်းဆုပ်ကိုင်လိုက်နိုင်လျှင်၊ ဒါဟာသူ့ဘဝအတွက် စိတ်ကျေနပ်ဖွယ်အကောင်းဆုံးသော အချိန် တစ်ချိန် ဖြစ်လာတော့တာပါပဲ" ဟုပြောခဲ့ပါသည်။

လူအများအတွက်လမ်းထွင်ပေးခြင်းဖြစ်စေ၊ ခေါင်းဆောင်မှုတစ်ခုဝင်လုပ်ခြင်းဖြစ်စေပြုလုပ်ခဲ့လျှင် အမြင်ကျယ်သော စဉ်းစားတွေးခေါ်ခြင်းသည် သင့်အတွက်အောင်မြင်မှုများကို ပိုမိုရရှိစေပါလိမ့်မည်။ ကျယ်ပြန့်သောအမြင်ရှိနေကြသော လူတို့သည် မည်သည့်ကြိုးပမ်းအားထုတ်မှုမျိုးတွင်မဆို အောင်မြင်ရန်အကောင်းဆုံး အခွင့်အရေးရှိကြပါသည်။

**(၂) အမြင်ကျယ်သောစဉ်းစားတွေးခေါ်ခြင်းသည်ပန်းတိုင်သို့အမြဲရှေးရှုစေသည်။** အင်္ဂလန်နိုင်ငံ Charles II ဘုရားရှိခိုးကျောင်းမှ ဘုန်းတော်ကြီး Thomas Fuller ၏အမြင်မှာ "နေရာတိုင်းတွင်ရှိနေသောလူဆိုသည်မှာဘယ်နေရာမှာမဆိုမရှိပါ"ဟူ၍ဖြစ်သည်။ အလုပ်ကိစ္စများပြီးမြောက်စေရန်အတွက် သင့်တွင် စူးစိုက်မှုရှိရမည်။ သို့ရာတွင်မှန်ကန်သောအလုပ်များကို လုပ်နိုင်ရန်အတွက် သင်သည်ကျယ်ပြန့်သောအမြင်ဖြင့် စဉ်းစားနိုင်ရမည်။ သင်၏နေ့စဉ်လှုပ်ရှားမှုများသည် ကျယ်ပြန့်သောအမြင်နှင့် ဆက်စပ် သော

အစိတ်အပိုင်းများဖြစ်မှသာ သင်သည် ပန်းတိုင်သို့ရှေးရှုသော အနေအထား သို့ရောက်ရှိပါမည်။ တွေးခေါ်ရှင်စာရေးဆရာကြီး Alvin Toffler က " သင်သည် အသေးအဖွဲကိစ္စကလေးများကို လုပ်နေစဉ်မှာပင် ကြီးမားကျယ်ပြန့်သော အရေးကိစ္စကြီးများကိုလည်း စဉ်းစားနေရမယ်၊ ဒါမှသာ အသေးအဖွဲ ကိစ္စအားလုံးဟာ မှန်ကန်သောလားရာအတိုင်းရောက်ရှိနိုင်မှာဖြစ်ပါတယ်"ဟု ပြောခဲ့ပါသည်။

**(၃) အမြင်ကျယ်သော စဉ်းစားတွေးခေါ်ခြင်းသည် အခြားလူများမြင်သည့်အတိုင်း မြင်နိုင်စေသည်။** သင်၏ လူမှုဆက်ဆံရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သင့်တွင်ရှိရမည့် အရေးအကြီးဆုံးကျွမ်းကျင်မှုအတတ်ပညာရပ်များအနက်မှ တစ်ခုသည် အခြားလူများ၏ ရှုထောင့်မှ ရှုမြင်နိုင်သောအရည်အချင်းဖြစ်ပါသည်။ အမှုသည်များနှင့် အလုပ်လုပ်ရန်၊ဖောက်သည်များစိတ်ကျေနပ် မှုရရှိရန်၊ အိမ်ထောင်ရေးကို မပြိုကွဲအောင်ထိန်းသိမ်းရန်၊ ကလေးသူငယ်များပြုစုစောင့်ရှောက်ရန်၊ ကံမကောင်းအကြောင်းမလှသူများကို ကူညီစောင့်ရှောက်ရန် အစရှိသည့်ကိစ္စများ၌ ဤအရည်အချင်းသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်ပါသည်။ လူသားအချင်းချင်း ဆက်သွယ်ဆက်ဆံရေးလုပ်ငန်းများကိုတိုးတက်စေရန်အတွက် မိမိတို့ကိုယ်တိုင် အခြားလူများ၏ ဝမ်းအတွင်းသို့ ဝင်ကြည့်နိုင်ရန်လိုပါသည်။ ဘယ်လို ဝင်ရမှာလဲဟုမေးလျှင် မိမိကိုယ်တိုင် မိမိစိတ်ဝင်စားသောနေရာနှင့် မိမိကမ္ဘာတို့မှ ကျော်လွန်၍ရှုမြင်ရမည်ဖြစ်သည်။ သင်သည် ကိစ္စတစ်ရပ်ကို ဖြစ်နိုင်သည့် ရှုထောင့်တိုင်းမှစဉ်းစားလိုလျှင် ထိုကိစ္စကို အခြားလူများ၏ သမိုင်းကြောင်းအမြင်မှ စစ်ဆေးခြင်း၊ အခြားလူများနှင့်ပတ်သက်သည့် အကြောင်းအရာများနှင့် စိတ်ဝင်စားသောနေရာများကိုရှာဖွေခြင်းတို့ကို ပြုလုပ်ရမည့်အပြင် မိမိအမြင်ဖြင့်မိမိဘာသာလုပ်ဆောင်လိုသည့်အစီအစဉ်များကို ခေတ္တဘေးဖယ်ထားရန်လည်းကြိုးစားရပါမည်။ ထိုအခါ သင်သည် အခြားလူများမြင်သည့်အတိုင်း စတင်မြင်တွေ့လာရပါမည်။ ယခုကဲ့သို့ မြင်နိုင်ခြင်းသည် သင်၏စဉ်းစား တွေးခေါ်နိုင်စွမ်းအင်အားကြီးမားမှုကိုဖြစ်ပေါ်စေပါလိမ့်မည်။

**(၄) အမြင်ကျယ်သောစဉ်းစားတွေးခေါ်ခြင်းသည်အသင်းအဖွဲ့အလုပ်ကိုတိုးတက်စေသည်။**

သင်သည်အသင်းအဖွဲ့အလိုက် လှုပ်ရှားဆောင်ရွက်မှုတစ်ခုခုတွင် ပါဝင်ဆောင်ရွက်ခဲ့ပါက အဖွဲ့ဝင်တစ်ဦးချင်းသည်ကိုယ်နှင့်သက်ဆိုင်သောအစိတ်အပိုင်းကိုသာမက အလုံးစုံကို ရှုမြင်နိုင်ရန် အရေးကြီးပုံကိုနားလည်သဘောပေါက်ပါလိမ့်မည်။ အဖွဲ့ဝင်တစ်ယောက်ယောက်က သူ့အလုပ်သည်သူ၏ လုပ်ဖော်ကိုင်ဖက်များ၏ အလုပ်များနှင့် မည်သို့အံဝင်ဂွင်ကျဖြစ်စေရမည်ကို မသိခဲ့လျှင် အသင်းအဖွဲ့ တစ်ခုလုံးဒုက္ခရောက်ပြီဟုသာမှတ်လိုက်ပါ။ အသင်းအဖွဲ့ဝင်တိုင်းသည် အလုံးစုံလွှမ်းခြုံနိုင်သောအမြင်ကို ပို၍ကျကျနနဆုပ်ကိုင်ထားနိုင်လေ၊ ထိုအသင်းအဖွဲ့သည် အတူတကွပူးပေါင်းဆောင်ရွက်နိုင်သော အလားအလာပိုကောင်းလေဖြစ်ပါသည်။

**(၅) အမြင်ကျယ်သောစဉ်းစားတွေးခေါ်ခြင်းသည် နိစ္စဓူဝအလုပ်များ၏ချုပ်ကိုင်ခြင်းမှကင်းဝေးစေသည်။** နေ့စဉ်ဘဝတွင် စဉ်းစားသုံးသပ်ပြီးလုပ်နေရသည့် အလုပ်ကိစ္စတချို့သည် အမြဲတမ်းရှိနေပါသည်၊ သို့သော် ထိုကိစ္စများကို အပေါ်ယံကျောမဟုတ်ဘဲ အလေးအနက်ထားစဉ်းစား မည်ဆိုလျှင် သိပ်စိတ်ဝင်စားစရာမဟုတ်သည်ကိုတွေ့ရပါမည်။ အမြင်ကျယ်သောစဉ်းစားတွေးခေါ်သူများသည် ထိုကိစ္စများအတွက်ပင်ပန်းငြီးငွေ့ခြင်းအဖြစ်မခံကြပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည်အလုံးစုံ လွှမ်းခြုံသောအမြင်ကို မျက်ခြေပြတ်မခံလိုကြသောကြောင့်ဖြစ်သည်။ သူတို့က "အဆုံးစွန်အရေးကို မေ့လျော့နေကြ

သူများသည် လတ်တလောအရေး၏ ကျေးကျွန်များဖြစ်နေကြသည်” ဆိုသည့်အချက်ကို ကောင်းစွာ သိနားလည်ကြပါသည်။

**(၆) အမြင်ကျယ်သော စဉ်းစားတွေးခေါ်ခြင်းသည် ပြဋ္ဌာန်းမထားရသေးသောပိုင်နက်နယ်မြေကို ရေးဆွဲပေးသည်။** “တံတားကြီးဆီရောက်ခဲ့လျှင်ကူးကြည့်ချင်လိုက်တာ” ဟူသောစကားသည် အမြင်ကျယ်ကျယ်ရှုမြင်ရန် အခက်အခဲရှိနေသော လူတစ်ယောက်၏ ပုံတင်သံဖြစ်သည်မှာ သံသယဖြစ်စရာ မလိုပါ။ အဘယ့်ကြောင့်ဆိုသော် အဟောင်းနှင့်အသစ်ဆက်စပ်ပေးသော တံတားများကို အခြားလူများ မကူးမီ အချိန်ကာလကြာရှည်စွာကတည်းက အစောဆုံးစိတ်ကူးဖြင့်ကူးခဲ့ကြသောလူများက ဤကမ္ဘာကြီး ကို တည်ဆောက်ထားခဲ့ကြသောကြောင့်ဖြစ်သည်။ နယ်မြေအသစ်တစ်ခုကို ထိုးဖောက်နိုင်ရန် သို့မဟုတ် ပြဋ္ဌာန်းမထားရ သေးသောပိုင်နက် နယ်မြေတစ်ခုအတွင်း ဝင်ရောက်နိုင်ရန်အတွက် တစ်ခုတည်းသော နည်းလမ်းမှာလက်ငင်းအခြေအနေကို ကျော်လွန်ပြီး မြင်တွေ့နိုင်စွမ်းရှိရန်နှင့်အမြင်ကျယ်ရန်တို့ပင် ဖြစ်ပါ သည်။

**အမြင်ကျယ်သောစဉ်းစားတွေးခေါ်ခြင်းဖြင့် ဉာဏ်ပညာကို ဘယ်လိုရရှိနိုင်မလဲ**

အကယ်၍ သင်သည် အခွင့်အရေးအသစ်များကို ဆုပ်ကိုင်မိစေရန်နှင့် မိုးကုတ်စက်ဝိုင်းအသစ် တစ်ခုကို ဖွင့်လှစ်ရန်ဆန္ဒရှိမည်ဆိုပါက အမြင်ကျယ်သော စဉ်းစားတွေးခေါ်ခြင်းကို သင်၏အရည် အသွေးတစ်ရပ်အဖြစ် ထပ်လောင်းထည့်သွင်းရန် လိုအပ်ပါသည်။ ကောင်းမွန်သော စဉ်းစားတွေးခေါ်သူ ဖြစ်စေရန် သင်သည်အမြင်ကျယ်ရမည်ဖြစ်သည်။ အမြင်ကျယ်ရန်အတွက် အောက်ပါအကြံ ပေးချက်များ ကို သင်၏စိတ်ထဲတွင် စွဲမြဲနေစေလိုပါသည်–

**(၁) သေချာမှုအတွက် အပြင်းအထန်အားမထုတ်ပါနှင့်။** အမြင်ကျယ်သော စဉ်းစားတွေးခေါ်သူ များသည် မသဲမကွဲသောအခြေအနေအတွက် စိတ်မသက်မသာ မဖြစ်ကြပါ။ သူတို့သည် မြင်တွေ့သမျှ အရာအားလုံးနှင့် ရရှိသမျှအချက်အလက် အစိတ်အပိုင်းအားလုံးကို စိတ်ခါတ်ရေးအရ လုံခြုံမှုရှိသော ဝပ်ကျင်းများအတွင်းသို့ အတင်းရိုက်သွင်းခြင်း မရှိကြပါ။ သူတို့သည် ကျယ်ပြန့်စွာ စဉ်းစားတွေးခေါ် နိုင်ကြသည့်အပြင် သူတို့၏စိတ်ထဲတွင် ဝိရောဓိအသွင်ဆောင်သကဲ့သို့ ဖြစ်နေသော အတွေးများစွာတို့ကို လည်း ဘောလုံးများကို တစ်ချိန်တည်းတွင် လက်ထဲ၌ မြှောက်လိုက်ဖမ်းလိုက် လုပ်နိုင်သော လက်လှည့် ဆရာများကဲ့သို့ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ကြသည်။ အကယ်၍ အမြင်ကျယ်စွာစဉ်းစားတွေးခေါ်နိုင် သည့်အရည်အချင်းကို ပြုစုပျိုးထောင်လိုသည်ဆိုလျှင် သင်သည် ရှုပ်ထွေးပြီး ကွဲပြားခြားနားသော အယူအဆများစွာကို ထွေးပိုက်ထားနိုင်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း အလေ့အကျင့်များရှိရပါမည်။

**(၂) အတွေ့အကြုံတိုင်းမှ သင်ယူပါ။** အမြင်ကျယ်သောစဉ်းစားတွေးခေါ်သူများသည် သူတို့၏ အမြင်များကို ကျယ်ပြန့်စေရန်အတွက် အတွေ့အကြုံတိုင်းမှ သင်ယူမှုများကို အပြင်းအထန်ပြုလုပ်လေ့ ရှိကြသည်။ သူတို့သည် အောင်မြင်မှုများအပေါ် ယစ်မူးခြင်းမရှိသည့်အပြင် သင်ယူခြင်းများကိုလည်း မပျက်ကွက်ကြပါ။သူတို့သည် ဆုံးရှုံးခြင်းဖြစ်လာကြသည့်အခါ ပို၍အရေးတကြီးသင်ယူကြသည်။ သူတို့ တွင် သင်ယူလွယ်သော သဘောထားရှိသောကြောင့်သာ ဤကဲ့သို့ပြုမူနိုင်ကြခြင်းဖြစ်ပါသည်။ အကောင်း သို့မဟုတ် အဆိုး အမျိုးမျိုးသောအတွေ့အကြုံများသည် သင့်ကိုအမြင်ကျယ်စေပါသည်။ အတွေ့အကြုံနှင့် အောင်မြင်မှုအမျိုးအစား စုံလင်လေ၊ သင့်မှာ သင်ယူနိုင်သော အလားအလာပိုရှိလေဖြစ်သည်။ သင်သည် အမြင်ကျယ်သော တွေးခေါ်သူ တစ်ဦးဖြစ်လိုသောဆန္ဒရှိလျှင် ကျဉ်းမြောင်းသော လှောင်အိမ်ကလေး

အတွင်းမှာမနေဘဲအပြင်ထွက်၍အမျိုးစုံကြိုးစားအားထုတ်ပါ၊ အခွင့်အရေးအများအပြားကို ရအောင်ယူပါ၊ သင်၏အောင်မြင်မှုတိုင်း သို့မဟုတ် ဆုံးရှုံးမှုတိုင်းအပေါ်အချိန်ပေး၍ သင်ယူပါဟု တိုက်တွန်းလိုပါသည်။

**(၃) ကွဲပြားခြားနားသောလူပေါင်းစုံထံမှ ထိုးထွင်းသောအမြင်ကိုရယူပါ။** အမြင်ကျယ်သော စဉ်းစားတွေးခေါ်သူများသည် သူတို့၏ကိုယ်ပိုင်အတွေ့အကြုံများမှလည်း သင်ယူကြသည်။ ထို့အပြင် သူတို့တွင် မရှိသေးသော အခြားလူများ၏အတွေ့အကြုံများမှလည်း သင်ယူကြသည်။ ဆိုလိုသည်မှာ ဖေါက်သည်များ၊ ဝန်ထမ်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ခေါင်းဆောင်များ အစရှိသော အခြားလူတို့၏ ထိုးထွင်းသော အမြင်များကို လက်ခံရယူခြင်းဖြင့် သင်ယူကြခြင်းဖြစ်သည်။

သင်သည်စဉ်းစားတွေးခေါ်မှုကို ကျယ်ပြန့်စေလိုပြီး အမြင်ကျယ်လာရန် ဆန္ဒရှိသည်ဆိုလျှင် သင့်ကိုကူညီနိုင်သော ဆွေးနွေးအကြံပေးသူများကိုရှာဖွေပါ။ မည်ကဲ့သို့သော ပုဂ္ဂိုလ်များထံမှ အကြံဉာဏ်များယူသင့်သည်ဆိုသည်ကိုတော့ မိမိဘာသာ လိမ်လိမ်မာမာ စဉ်းစားရပါမည်။ ကွဲပြားခြားနားသော လူပေါင်းစုံထံမှ ထိုးထွင်းသောအမြင်များကိုရယူပါဟုဆိုရာတွင် စကြိုန်လမ်းများအပေါ်နှင့် ကုန်စုံဆိုင်များအထဲတွင် တွေ့သမျှလူတိုင်းကိုရပ်တန့်ပြီး သူတို့၏ထင်မြင်ချက်များကို တောင်းခံရန်မဟုတ်ပါ။ ရွေးချယ်တတ်ရန် လိုပါသည်။ သင့်ကိုသိရှိပြီး သင့်ကိုအလေးဂရုပြုသော လူတို့ကို စကားပြောရန်ဖြစ်ပါသည်။ ထိုလူတို့သည် ကိုယ်ပိုင်ကျွမ်းကျင်မှု တစ်ခုခုရှိကြပြီး အချို့ကိစ္စများတွင် သင့်ထက်နက်နဲကျယ်ပြန့်သော အတွေ့အကြုံရှိ သူများဖြစ်ကြရန်လိုပါသည်။

**(၄) သင့်ရဲ့ကမ္ဘာကိုချဲ့ထွင်ရန် သင့်ကိုယ်သင်ခွင့်ပြုပါ။** အကယ်၍သင်သည် အမြင်ကျယ်သော စဉ်းစားတွေးခေါ်သူ တစ်ဦးဖြစ်လိုပါက ကမ္ဘာကြီးကိုရေစုန်မလိုက်ဘဲ ရေဆန်တက်နိုင်ရန်လိုပါသည်။ အဖွဲ့အစည်းများသည် လူများကို ဘောင်ကန့်ထားသော သေတ္တာများအတွင်း၌ထည့်ထားလိုကြသည်။ လူအများစုသည်ပိုနေမြဲ ကျားနေမြဲဘဝကို စွဲလန်းနေကြသည်။ သူတို့သည် ဖြစ်နိုင်တာထက် ဖြစ်ခဲ့တာကိုဘဲ ပြန်ဖြစ်ချင်နေကြသည်။ သူတို့သည် လုံခြုံမှုရှိပြီး လွယ်ကူသောအဖြေများကိုသာ အလိုရှိကြသည်။ အမြင်ကျယ်ရန်အတွက် သင်သည်သူတို့ထံမှ ကွဲပြားခြားနားသော လမ်းကြောင်းကိုလိုက်ရပါမည်။ နယ်မြေအသစ်ကို ထိုးဖောက်ဝင်ရောက်ရပါမည်။ သင်ကြီးစိုးနိုင်မည့် ကမ္ဘာသစ်များကိုရှာဖွေရပါမည်။ သင့်၏ကမ္ဘာသည်တဖြည်းဖြည်းကြီးမားလာသောအခါ သင်အောင်ပွဲခံရပါမည်။ သို့သော် သင် အတွေ့အကြုံရှိခဲ့သည့်ကမ္ဘာ၏ အပြင်ဘက်တွင် သင်မသိသေးသည့် ကမ္ဘာများ အများကြီးရှိသေးသည်ကိုလည်း မမေ့ပါနှင့်။

ထို့ကြောင့် ဆက်လက်၍သင်ယူနေပါ၊ ဆက်လက်၍ကြီးထွားတိုးတက်နေပါ၊ ဆက်လက်၍အမြင်ကျယ်နေပါ။ ကောင်းမွန်သော စဉ်းစားတွေးခေါ်ရှင်တစ်ဦးဖြစ်ရန်အတွက် သင်အမြဲလုပ်နေရမည့် အလုပ်ကတော့ဒါပါပဲ။